**ပျံသန်းသတင်းများ (Flying News)**

***ရိုဟင်ဂျာတုံ့ပြန်မှုဆိုင်ရာ ကောလဟလ ခြေရာခံစစ်ဆေးခြင်း - စာစောင် နံပါတ် ၃ - ၂၀၁၈ ဒီဇင်ဘာလ***

ပျံသန်းသတင်း ကောလဟလခြေရာခံခြင်း သတင်းလွှာ တတိယစာစောင်မှ ကြိုဆိုပါ၏။ ပျံသန်းသတင်းများ (Flying News) စာစောင်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အဖွဲ့အစည်းများနှင့် ဒုက္ခသည်များကြား သတင်း အချက်အလက်ကွာဟမှုအား လျော့ချရန် ရိုဟင်ဂျာလူထု၏ ထင်မြင်ယူဆချက် များနှင့် ကောလဟလများကို အချက်အလက်အဖြစ် ရယူပါသည်။ ကွင်းဆင်းဝန်ထမ်း နှင့် စေတနာ့ဝန်ထမ်းများအား လက်ရှိကောလဟလများနှင့် ၄င်းတို့အားဖြေကြားပေးရန် အခြေခံအချက်မှန်များ ပေးအပ်ခြင်းဖြင့် Flying News စာစောင်က ရိုဟင်ဂျာများ၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်သော နားလည်မှုတစ်ရပ်အဖြစ် ဖန်တီးရန်နှင့် ထိခိုက်နစ်နာမှု တစ်ခုခုမဖြစ်စေမီ ယင်းကောလဟလများအား ကူညီဖြေကြားပေးရန် ရည်ရွယ်ပါသည်။

စာစောင် နံပါတ် ၃ သည် ဒုက္ခသည်များကြား သတင်းခေါင်းစဉ်များဖြစ်လေ့ရှိသော အစားအသောက်ဖြန့်ဝေမှု နှင့် ပတ်သက်၍ ကောလဟလများ၊ အချက်အလက် မှားယွင်းစွာပေးအပ်မှု၊ မေးခွန်းများနှင့် စိုးရိမ်မှုများအား အလေးထား ဦးတည်ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ နှင့် ဒီဇင်ဘာလ ၅ ရက်နေ့ အတွင်း စခန်း ၈ ခုမှ လူများဖြင့် မျက်နှာချင်းဆိုင် စကားပြောဆို ဆွေးနွေးမှုပေါ် အခြေခံလျက် Internews မှ ကွင်းဆင်း ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများက KOBO Toolbox သုံးပြီး ဤနေရာတွင်ဖော်ပြထားသည့် ကောလဟလများနှင့် ပြဿနာများကို ကောက်ခံစုဆောင်း ထားပါသည်။ ဆက်စပ်မှုနှင့် ပေါ်ပေါက်မှုတို့အား အခြေခံပြီးပြုလုပ်ထားသော ရွေးချယ်ချက်ကို လွန်ခဲ့သည့်လေးလစာ ဒေတာများအပေါ် အခြေခံပြီး ပြုလုပ်ထားပါသည်။ သို့သော်လည်း လတ်တလောအဖြစ်ဆုံး စိုးရိမ်ပူပန်မှုများကို မီးမောင်းထိုးပြပါဆိုလျှင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၆ ရက်နေ့ အတွင်း ရရှိထားသည့် အောက်ပါ တုန့်ပြန်မှတ်ချက်အားလုံးကို ဖော်ပြအပ်ပါသည်။

ဤနေရာတွင်ဖော်ပြထားသောအချက်အလက်သည် ယင်းအားထုတ်ပြန်ချိန်၌ မှန်ကန်ပါသည်။






**ကောလဟလ နံပါတ် ၁ WFP ကတ်ရှိ မိသားစု အရွယ်အစား**

" WFP ကတ်တွင် လူ ၈ ဦးရှိပါက လူ ၃ ဦးအတွက်သာ ဆန်ရရှိမည်ဟု ကျွန်မတို့ ကြားသိထားပါသည်။ ကျွန်သည့် မိသားစုဝင် ၅ ဦး စလုံးအတွက် ဆန်ရရှိမည် မဟုတ်ပါ။ WFP တာဝန်ခံရုံးသို့ သူတို့သွားရောက် မေးမြန်းခဲ့ရာ၌၊ ထပ်ပေါင်းထည့်ပေးမည် ဖြစ်သည်ဟု သူကပြောခဲ့ပြီး ရုံးသို့ ကျွန်မတို့အကြိမ် ၁၀၀ ခန့် သွားရောက်ခဲ့ပါသည်။ ကျွန်မတို့သွားသည့်အခါ အရာရှိက ကျွန်မတို့ကို ဆူပူကြိမ်းမောင်းပြီး ဆဲရေးပါသည်။ ကျွန်မတို့အလွန် ဒုက္ခရောက်နေတာကို သူတို့နားမလည်ဘူး" (အမျိုးသမီး၊ ၃၅ နှစ်၊ စခန်း 2E)

"လူ ၈ ဦးရှိတဲ့ မိသားစုက ဆန် ၁၂၀ ကီလိုရတယ်၊ တစ်ချိန်တည်းမှာ လူ ၇ ဦးရှိတဲ့ မိသားစုက ၆၀ ကီလို ပဲရတယ်။ ဒီအတိုင်းပဲ လူ ၄ ဦးရှိတဲ့ မိသားစုက ၆၀ ကီလိုရသလို လူ ၃ ဦးရှိတဲ့ မိသားစုက ၃၀ ကီလိုပဲရတယ်။ WFP က လူတွေကို ဒီလိုသွားပြောရင် ကျွန်တော်တို့ကို လာရိုက်မှာ" (အမျိုးသား၊ ၄၀ နှစ်၊ စခန်း 1E )

ဒါအပြင် ကျွန်တော်တို့မှာ တခြားပြဿနာတစ်ခုလည်းရှိနေတယ်။ ကျွန်တော်တို့ကတ်မှာ မိသားစုဝင်အရေအတွက်ကို ဘယ်လိုထည့်ပေါင်းရမှန်း မသိဘူး။ အရာရှိဆီသွားပြောတော့လည်း သူတို့က ပြောမပြဘူး။ ကျွန်တော်တို့ ဒါကို စိုးရိမ်ပါတယ်" (အမျိုးသား၊ ၃၀ နှစ်၊ စခန်း 1W)

**အဖြေများ -** WFP ပြောကြားချက်အရ မိသားစုဝင်တိုင်းမှ တစ်နေ့လျှင် အနည်းဆုံး ၂၁၀၀ ကီလိုကယ်လိုရီ ရရှိစေရန် မိသားစုအလိုက် အချိုးကျပေးဝေခဲ့ကြောင်းဖြစ်သည်။ WFP သည် လူတိုင်းကို အီလက်ထရောနစ် ကတ်များတွင်ထည့်ရန် လုပ်ဆောင်လျက်ရှိပြီး ယင်းကတ်ကြောင့်အကျိုးခံစားရသူတိုင်းသည် ကတ်ကိုသုံးပြီး ကမ္ဘာ့အစားအသောက် ပရိုဂရမ် (World Food Program) လက်လီဆိုင်များတွင် အစားအသောက်များ ဝယ်ယူနိုင်မည်ဖြစ်သည် ။ မိသားစုတစ်စု၏ကတ်တွင် ဖြည့်သွင်းပေးမည့် ခရက်ဒစ်ပမာဏကို မိသားစုဝင်ဦးရေနှင့်အညီ ဖြည့်သွင်းပေးသွားမည်။ ရပ်ရွာဝင်များသည် ခရက်ဒစ်ကို ဘာအတွက် ဝယ်ယူအသုံးပြုသွားမည်ကို ရွေးချယ်နိုင်ပေလိမ့်မည်။

**<u>နောက်ထပ်အချက်အလက် လိုအပ်ပါသလား။</u>**

သင့်တွင် WFP နှင့်ပတ်သက်၍ နောက်ထပ်မေးစရာများရှိနေလျှင် WFP ကိုမေးမြန်းနိုင်သလို ဖြန့်ဝေရေး လုပ်ပေးသည့် နေရာရှိ ပူးပေါင်းလက်တွဲလုပ်ဆောင်သူ အကူအညီပေးရေးရုံးကိုလည်း မေးမြန်းနိုင်ပါသည်။ သို့မဟုတ် WFP အခမဲ့ အရေးပေါ်လိုင်း နံပါတ် 09 606 999 777 သို့လည်း ခေါ်ဆိုနိုင်ပါသည်။

**<u>ကောလဟလ နံပါတ် ၂ - ကုန်စုံဆိုင် ကတ်များ</u>**

" မနှစ် ဒီကိုစရောက်ကတည်းက ပဲနီလေးက လွဲရင် ဘာအစားအစာမှ မရဘူး။ ကျွန်မတို့ မမြင်ရဘူးဆိုရင်တောင် (ကုန်စုံဆိုင်ကတ်တွေရထားတဲ့) တခြားလူတစ်ချို့ရှိတယ် ။ ကျွန်မတို့ ဘလောက် မို့ဒ်ချာကိုရာ (Modhurchora) ဘေးက စခန်း ၃ မှာဆိုရင် တစ်နှစ်စာလောက်ခံတဲ့ အသီးအရွက်တိုကင်တွေ ရကြတယ်။ သူတို့ပြောတာတော့ Oxfam ကနေ ရတာတဲ့။ စခန်း ၃ က လူတွေ ဗမာပြည်ကနေထွက်လာတဲ့ နည်းလမ်းက ကျွန်မတို့ထွက်လာတာတဲ့ပုံနဲ့ အတူတူပဲ။ ဒါကို ကျွန်မတို့ကျတော့ ဘာလို့မရတာလဲဆိုတာ သိချင်တယ်။" (အမျိုးသမီး၊ ၅၆ နှစ်၊ စခန်း 1W)

" စားကုန်သောက်ကုန်တွေဝယ်ဖို့ ကျွန်တော်တို့ဆီမှာ ပိုက်ဆံမှ မရှိတာ။ ကျွန်တော်တို့က အလုပ်လည်း လုပ်လို့မရဘူး။ ဒါကြောင့် အခု ပြဿနာတွေ ရှိနေတာ။ ကျွန်တော်တို့ ဘေးက ဘလောက်ကျတော့ Oxfam ကနေ ကုန်စုံဆိုင်တိုကင်တွေ ထုတ်ပေးနေတယ်တဲ့။ မိသားစုမှာ လူ ၇ ဦးရှိရင် သူတို့က တာကာ ၇၃၀ ရတယ်လေ။ ၈ ဦး ထက်ပိုများရင် တာကာ ၁၃၆၀ ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ဒီငွေတွေနဲ့ ကုန်စုံတွေ ဝယ်လို့ရတာပေါ့။ ကျွန်တော်တို့ ဘလောက်မှာရှိတဲ့ Oxfam ဆီမှာ အလုပ်လုပ်နေတဲ့ လူတွေနဲ့ သွားတွေ့တယ်။ သူတို့ပြောတော့ လူတိုင်းကို ကုန်စုံဆိုင်ကတ်တွေ ထုတ်ပေးမယ်တဲ့။ ငါးလရှိပြီ။ ကုန်စုံဆိုင်ကတ်တွေ ဘယ်နေရာမှာ ရနိုင်လဲ။ ကျွန်တော်တို့ သိချင်တယ်။ (အမျိုးသား၊ ၆၃ နှစ်၊ စခန်း 3)

"စားကုန်သောက်ကုန်မရှိလို့ ဒုက္ခရောက်နေကြတာ။ ကျွန်မတို့က WFP ကနေ ဆန်၊ ပဲနီလေး နဲ့ ဆီတော့ရတယ်၊ ဒါပေမဲ့ စားကုန်သောက်ကုန်တွေ မရဘူးလေ။ တစ်ခုခု စားချင်သောက်ချင်ရင် စားစရာမရှိဘူး။ ကျွန်မတို့က မေတ္တာရပ်ခံရင်တောင် သူတို့က ကျွန်မတို့ကို စခန်းထဲကနေ ထွက်ခွင့်မပြုဘူး၊ အလုပ်လည်း လုပ်ခွင့်မရှိလို့ ဝင်ငွေလည်းမရှိဘူး။ ကျွန်မတို့သာ ဝင်ငွေလေး ရှိခဲ့မယ်ဆိုရင် ကျွန်မတို့လိုချင်တာ ဝယ်လို့ရတယ်။ ဒီလိုဆိုရင် ကုန်စုံဆိုင်ကတ်တောင် ကျွန်မတို့ စောင့်စရာမလိုတော့ဘူး။ (အမျိုးသမီး၊ ၂၉ နှစ်၊ စခန်း 4)

**အဖြေများ** - ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ Oxfam က ကုန်စုံဆိုင်ကတ်ကို ကန့်သတ်နေရာတွေမှာ စ ဝေခဲ့တယ်။ ပြီးတော့ ကုန်စုံဆိုင်ကတ်ကို စခန်း 3၊ 4 နှင့် စခန်း 4 တိုးချဲ့၊ စခန်း 5၊ 10၊ 12၊ 18 နှင့် 19 တို့မှာ ဆက်လက်ဝေသွားဖို့ ရှိပါတယ်။

လူ ၇ ဦးနှင့် အထက်ရှိတဲ့ မိသားစုတွေက တာကာ ၁၁၇၀ တန်ကြေးရှိတဲ့ ဘောက်ချာကတ်တစ်ခုကို ရကြတယ်။ လူ ၁-၆ ဦးရှိတဲ့ မိသားစုတွေက တာကာ ၇၃၀ တန် ကတ်တစ်ခုကို ရရှိပါတယ်။ မိသားစုတွေက ကတ်နဲ့ ပစ္စည်း ၁၃ မျိုးဝယ်နိုင်တယ်။ ပစ္စည်းတွေကတော့ ငါးခြောက်၊ အသီးအရွက်၊ ခရမ်းသီး၊ ကြက်ဥ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ၊ နနွင်းမှုန့်၊ ငရုတ်သီးမှုန့်၊ ငရုတ်သီးစိမ်း၊ ငရုတ်ခြောက်၊ သကြား၊ ဆားနဲ့ အားလူးတို့ဖြစ်ပါတယ်။

Oxfam က ၂၅ ရက် ကနေ ၃၀ ရက်တိုင်း တစ်ကြိမ် ကတ်တွေကို ဝေပေးပါတယ်။ အလှည့်ကျ ကတ်ဝေပေးတာ ဖြစ်လို့ တစ်ခါတစ်လေမှာတော့ လက်ရှိလမှာ စောစောစီးစီး ကတ်ရထားတဲ့ မိသားစုတွေက နောက်လကျရင် နောက်ကျမှ ကတ်ရနိုင်ပါတယ်။ ကတ်တွေစရတဲ့နေ့ ကစပြီး ၁၀ -၁၂ ရက်အတွင်း သုံးစွဲနိုင်ပါတယ်။

<u>နောက်ထပ် အချက်အလက် လိုအပ်ပါသလား -</u>

Oxfam ကုန်စုံဆိုင်ကတ်များအကြောင်း မေးစရာရှိရင် ကတ်ဝေပေးတဲ့ အကူအညီပေးရေးရုံး၊ ကုန်စုံဝယ်ယူတဲ့ စတိုးဆိုင်ရှိ အကူအညီပေးရေးစားပွဲ၊ ဒါမှမဟုတ် စခန်းတိုင်းမှာရှိတဲ့ Oxfam ရုံးသို့ သွားရောက်မေးနိုင်ပါတယ်။ ဒါ့အပြင် ရပ်ရွာဝင်များက ကတ်တွေဝေပေးတဲ့ ဘလောက်ရှိ မာဂျီး (Majhi) ဆီမှာ မေးမြန်းနိုင်သလို Oxfam အဖွဲ့ဝင် စေတနာ့ဝန်ထမ်းများဆီမှာလည်း မေးမြန်းနိုင်ပါတယ်။

**<u>စိုးရိမ်ပူပန်မှု နံပါတ် ၁- အရေအတွက်ပမာဏ တိုင်းတာမှု</u>**

“၃၀ ကီလိုဂရမ် ပါတယ်လို WFP က ပြောပြီး ရိက္ခာအချိုးအစားများကို ပေးပါတယ်။ ကျွန်မတို့ အဲဒီရိက္ခာ အချိုးအစားကို အိမ်ယူသွားပြီးချိန်ကြည့်တဲ့အခါ ၂၇ ကီလိုဂရမ် (ဒါမှမဟုတ်) ၂၈ ကီလိုဂရမ် ပဲရှိတယ်။ ကျွန်မတို့ ဘယ်တော့မှ ၃၀ ကီလိုဂရမ် မရရှိဖူးပါ။” (အမျိုးသမီး၊ ၃၃ နှစ်၊ စခန်း 7)

**အဖြေ** - WFP အဆိုအရ သူတို့သည် ဆန်အမျိုးအစားနှစ်မျိုးပေးဝေပါသည်၊ အချို့မှာ အလုံပိတ်ဖြစ်သော်လည်း အချို့မှာ အိတ်ပြန်ထပ်စွပ်ထားပါသည်။ အိပ်ပြန်စွပ်ထားသော ဆန်အိတ်ကိုကြိုးနှင့် ချည်ထားပါလိမ့်မည်။ အိတ်အပွင့်လက်ခံရရှိပြီး ရှိသင့်တာထက်နည်းနေသည်ဟုသံသယရှိသူများအနေဖြင့် ချက်ချင်းချိန်တွယ်ဖို့ ပြောနိုင်ပါတယ်။ ဆန် ၂၉ ကီလိုဂရမ် ထက်လျော့နည်းသည်ဆိုပါက အဆိုပါအိတ်ကိုပြန်၍လဲနိုင်ပါသည်။

အစားအစာဖြန့်ဖြူးသည့်နေရာတိုင်းတွင် အလေးချိန်ခွင်ရှိပြီး ရပ်ရွာလူထုအနေဖြင့် ဆန်က ၃၀ ကီလိုဂရမ် ထက် လျော့သည်ဟု ထင်ပါက သူတို့ရရှိထားသောဆန်အား ချိန်တွယ်ကြည့်နိုင်ပါသည်။ ၂၉ ကီလိုဂရမ် ထက်လျော့နည်းပါက သူတို့သည် ဆန်အိတ်အသစ်တစ်အိတ် လက်ခံရရှိလိမ့်မည်။ ဖြန့်ဖြူးသောနေရာမှမထွက်ခွါမီ ရရှိသောဆန်ကို ချိန်တွယ်ဖို့ လိုအပ်ကြောင်း သူတို့သိရှိနိုင်ရမည်။

**<u>စိုးရိမ်ပူပန်မှု နံပါတ်၂ - ဖြန့်ဖြူးချိန်</u>**

သတ်မှတ်တဲ့အချိန်ဘောင်အရ ကယ်ဆယ်ရေးပစ္စည်းများကို လ၏ ၁၅ ရက်နောက်ပိုင်း ဖြန့်ဝေပေးပါတယ်။ ဒါပေမယ့် သူတို့က ၁၅ ရက်နောက်ပိုင်းမှာ ဘယ်တော့မှမပေးပါဘူး။ ၁၇ ရက် ကနေ ၁၉ ရက် အထိ ကြာပါတယ်။ ထိုရက်များအတွင်း ကျွန်မတို့ငတ်မွတ်ကြရပါတယ်။ ကျွန်မတို့ ဆန်မဝယ်နိုင်ပါ။ (အမျိုးသမီး၊ ၂၉ နှစ်၊ စခန်း 4)

**အဖြေ** - WFP သည် တစ်လနှစ်ကြိမ် အစားအစာများဖြန့်ဖြူးပေးပါသည်၊ လတိုင်း ၂ ရက်နေ့မှ ၁၄ ရက်နေ့အတွင်း နှင့် ၁၆ ရက်မှ လကုန်ပိုင်း ၂၈ ရက်အတွင်း တို့ဖြစ်သည်။ အဆိုပါဖြန့်ဖြူးရက်သည် တနင်္ဂနွေ သို့မဟုတ် ရုံးပိတ်ရက်ဖြင့် တိုက်ဆိုင်

နေပါက ဖြန့်ဖြူးရေးစက်ဝန်းကို နောက်သို့ရွှေ့နိုင်ပြီး နှောင့်နှေးကြန့်ကြာစေနိုင်ပါသည်။ မိသားစုတွင်း အကျိုးခံစားခွင့်ရှိသူ သုံးယောက်ထက်ပိုရှိပါက နှောင့်နှေးကြန့်ကြာမှုရှိနေသည့်တိုင် သူတို့သည် တစ်လနှစ်ကြိမ်နှုန်းဖြင့် ဖြန့်ဖြူးသောအရာများ အစဉ်လက်ခံရရှိပါလိမ့်မည်။

**အဖြေ**- WFP အဆိုအရ ၃၀ ရာခိုင်နှုန်းသော လူပမာဏသာ တစ်ရက်ကြိုတင်၍ တိုကင်ကတ်ပြား ရရှိကြသည်။ အခြားသော ၇၀ ရာခိုင်နှုန်းမှာ တိုကင်ကို ဖြန့်ဖြူးသည့်ရက်၌ လက်ခံရရှိသည်။ ယင်းသို့ပြုခြင်းမှာ အစားအသောက် ဖြန့်ဖြူးမှုအတွက် တန်းစီရခြင်းအား တိုတောင်းစေရန်ဖြစ်ပါသည်၊ သို့မှသာ ရပ်ရွာလူထု အနေဖြင့် ၎င်းတို့၏ အစားအစာကို လက်ခံရရှိရန် စောင့်ဆိုင်းစရာလိုတော့မည်မဟုတ်ပေ။ ၄င်းတို့၏ တိုကင်ကတ်ပြားအား တစ်ရက်ကြိုတင် ရရှိသူများသည် နံနက်စောစောပိုင်းတွင် လာရောက်နိုင်ရန် နှင့် ထိုနေ့မှ တိုကင်ကတ်ပြားလက်ခံရရှိသောသူများသည် ညနေခင်းပိုင်းတွင် လာရောက်နိုင်ရန် ဖြစ်သည်။

**<u>စိုးရိမ်ပူပန်မှု နံပါတ် ၃ - အစားအသောက်အရည်အသွေး နှင့်အထမ်းသမားဝန်ဆောင်မှု</u>**

"ရိက္ခာကြောင့် ကျွန်တော်တို့အများကြီး ဒုက္ခရောက်နေကြရတယ်။ WFP က ကျွန်တော်တို့ အရည်အသွေးညံ့တဲ့ ဆန်ကိုပဲ ရရှိပါတယ်။ ဆန်က အဖြူရောင်မဟုတ်ပါ။ အဲဒီဆန်ကို ကျွန်တော်တို့မစားနိုင်ပါဘူး။ ပြီးတော့လည်း အထမ်းသမားတွေက ထောက်ပံ့တဲ့ဆန်တွေကို အိမ်အထိမပို့ပေးဘူး။ "(အမျိုးသား၊ ၃၇ နှစ်၊ စခန်း ၄)

**အဖြေ** - WFP က ရိက္ခာအရည်အသွေးကို သူတို့အမြဲဂရုစိုက်ကြောင်း ဖော်ပြခဲ့တယ်။ အကျိုးခံစားရသူများသည် အရည်အသွေးညံ့ဖျင်းသောအစားအစာ ရရှိပါက WFP သို့မဟုတ် ဖြန့်ဖြူးရေးနေရာမှ လုပ်ဖော်ကိုင်ဖက် နှင့် တာဝန်ရှိသူ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ ပြောကြားခြင်းဖြင့်သော်လည်းကောင်း WFP အား ဖုန်းနံပါတ် 09 606 999 777 ၌ ဆက်ခြင်းဖြင့်သော်လည်းကောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Helath Program) အား အသိပေးသင့်ပါသည်။ အရည်အသွေးကောင်းသောအစာအာဟာရကို ဖြန့်ဝေနိုင်အောင် သူတို့က အကောင်းဆုံးလုပ်ဆောင်ပေးပြီး မဖြစ်လာပါက တုံ့ပြန်လုပ်ဆောင်မည်ဖြစ်သည်။ အထုတ်အပိုးကျိုးပဲ့မှုကြောင့် သို့မဟုတ် အလားတူတစ်ခုခုကြောင့် အစားအသောက် အရည်အသွေးမကောင်းဟု တစ်ဦးဦးကထင်ပါက ပြန်လည်အစားထိုးပေးရန် တောင်းဆိုနိုင်ပါသည်။ ယင်းအား သူတို့ ဖြန့်ဖြူးရေးစင်တာ၌ရှိနေစဉ် ပြုလုပ်ရမည် ဖြစ်သည်။

**ထပ်ဆောင်းမေးခွန်းများ** - အထမ်းသမားများသည် အကျိုးခံစားခွင့်ရရှိသူများအား အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်း မရှိပဲ တစ်ခါတစ်ရံတွင် လမ်းတစ်ဝက်အထိသာ လိုက်လံထမ်းပို့ပေးကြောင်း အချို့သူများက ပြောကြသည်။

**အဖြေ**- အထမ်းသမားဝန်ဆောင်မှုကိုလက်ခံရရှိရန် အရည်အချင်းပြည့်မီသည်ဆိုပါက အိမ်သို့ ရောက်ရှိချိန်တွင် အထမ်းသမားအားပြန်ပေးရန် တိုကင်ကတ်ပြားကို သူတို့အားပေးမည်ဖြစ်သည်။ အထမ်းသမားက တိုကင်ကတ်ပြား ပြန်မယူလာပါက သူတို့အလုပ်အတွက် လုပ်အားခပေးဆောင်မည်မဟုတ်ပါ။ အထမ်းသမားများသည် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်းမရှိပဲ အိမ်မရောက်မီ တိုကင်ကတ်ပြားတောင်းပါက ဖြန့်ဖြူးရေးစင်တာရှိ အကူအညီပေးရေးကောင်တာ ကိုအကြောင်းကြားရန် သို့မဟုတ် အကူအညီပေးရေး ဖုန်းနံပါတ် 09 606 999 777 ကို ဆက်ရန် WFP က တောင်းဆိုထားပါသည်။

တစ်ခါတစ်ရံ၌ WFP မှ အထမ်းသမားက အကျိုးခံစားခွင့်ရှိသူများ၏အိတ်များကို ဖြန့်ဖြူးရေးစင်တာထဲမှ သယ်ထုတ်ရာတွင် ကူညီမည်ဖြစ်သော်လည်းယင်းက အပြည့်အဝ ဝန်ဆောင်မှုမဟုတ်ပါ။ ၄င်းတို့၏ အိမ်သို့ ရောက်သည်အထိ လမ်းတစ်လျှောက်လုံး အစားအစာသယ်ပေးရန် အထမ်းသမားဝန်ဆောင်မှုများရရှိရန် အကျုံးဝင်ရပါမည်။